# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 25 , 2022 Volume 52, Number 17


| ၂၅.၃.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၇၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၀၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်တိုင်းအတွင်းရှိ ရွှေဆိုင်များတွင် တစ်နေ့ရောင်းရသည့်ပမာဏကို စတင်စာရင်းကောက်ယူ

ရန်ကုန်တိုင်းအတွင်းရှိ ရွှေဆိုင်များတွင် တစ်နေ့ရောင်းရသည့်ပမာဏကို စတင်စာရင်းကောက်ယူလျက်ရှိကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

ရွှေဆိုင်များ၏ တစ်နေ့ရောင်းရသည့် ရွှေစာရင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ပေးပို့ရခြင်းဖြစ်ကြောင်း၊ ရွှေအသင်းတွင် လာရောက်ရောင်းချဝယ်ယူသည့် စာရင်းကိုလည်း ပေးပို့ရလျက်ရှိကြောင်း ဦးမျိုးမြင့်က ဆက်လက်ပြောကြားသည်။ "အခုကောက်တဲ့ဆိုင်တွေကိုလည်းကောက်နေပြီ။ ရောင်းရတဲ့ဆိုင်တွေကလည်း စည်ပင်ကို စာရင်းပို့ရတယ်။ ကျွန်တော်တို့ ရွှေအသင်းမှာလည်း ရောင်းရတဲ့ဟာကို ပို့ပေးရတယ်။ နေ့စဉ် ရီပို့ပုံစံမျိုးပဲပေါ့။ ဘယ်လောက်ရောင်းတယ်၊ ဘယ်လောက်ဝယ်တယ်။ ပြည်ပကိုပို့ရင်လည်း ဘယ်လောက်ပို့တယ်ပေါ့" ဟု ဦးမျိုးမြင့်က ပြောကြားသည်။

ရန်ကုန်တိုင်းရွှေဈေးကွက်အတွင်း လည်ပတ်နေသည့် ရွှေအလေးချိန်များကို ကောက်ယူနေခြင်းဖြစ်ပြီး ပြည့်စုံပါက နိုင်ငံတကာနှင့်ချိတ်ဆက်လုပ်ကိုင် သွားမည့်အခြေအနေရှိကြောင်း ဦးမျိုးမြင့်က သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဗဟိုဘဏ်မှ ဒုဥက္ကဋ္ဌအပါအဝင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများတွေ့ဆုံရာတွင် ဗဟိုဘဏ်ဒုဥက္ကဋ္ဌက ရွှေဈေးနှုန်းတည်ငြိမ်ရေးနှင့် ဈေးကစားသူများကို ထိန်းကျောင်းအရေးယူရန် ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သည့် စာရင်းများကောက်ယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။

လက်ရှိဈေးကွက်အတွင်း ပြည်ပသို့ရွှေတင်ပို့မှုများရှိသော်လည်း တိကျသည့်အချက်အလက်မရှိသေးကြောင်း ဦးမျိုးမြင့်ကပြောကြားသည်။ "ထိုင်းကိုပို့တယ်။ အိန္ဒိယပို့တယ်ဆိုရင်လည်း Information ပေါ့။ တို့ဆီမှာ ပို့တယ်ဆိုတာပဲရှိတယ်။ ဒေတာအသေးစိတ်မသိဘူး။ အဲဒါတွေလိုချင်တာပေါ့။ အဲဒါတွေ ဆွေးနွေးတာပါပဲ" ဟု ဦးမျိုးမြင့်က ပြောကြားသည်။

ရွှေဈေးကွက်အတက်အကျ ထိန်းနိုင်ရန်အပြင် ကမ္ဘာ့ဈေးတက်သည်ကို အကြောင်းပြုပြီး ပြည်တွင်းရွှေဈေးနှုန်းမကျရန် လုပ်ဆောင်နေသည်များကိုလည်း အရေးယူမည်ဟု ဗဟိုဘဏ်ဒုဥက္ကဋ္ဌကပြောကြားခဲ့ကြောင်း ဦးမျိုးမြင့်က ပြောကြားသည်။

**Source:** https://news-eleven.com/article/228057

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လိုင်စင်လျှောက်ထားမှု ကြန့်ကြာနေခြင်းကြောင့် ဂျူတီဆောင်ရမှုအပိုင်း၌ အခက်အခဲများဖြစ်ပေါ်နေ

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံမှ တင်သွင်းသော ကုန်စည်များ သွင်းကုန်လိုင်စင်လျှောက်ထားမှု ကြန့်ကြာခြင်း ပြောင်းလဲနေသောမူဝါဒကြောင့် တရုတ်ဘဏ်နှင့်မြန်မာဘဏ်တို့ ချိတ်ဆက်ရခြင်းတို့ကြောင့် ဂျူတီဆောင်ရမှု အပိုင်းတွင်ခက်ခဲနေပြီး ကုန်သည်များ အလုံးစုံအခက်အခဲဖြစ်ပေါ်နေကြောင်း ကုန်သည်ပွဲစားများထံက သိရသည်။

“ဂျူတီဆောင်ဖို့ ၊ လိုင်စင်လျှောက်ရတယ်။ ရက်က အရမ်းကြာလိုင်စင် ကျလာတော့လည်း ဆောင်ဖို့အဆင်မပြေသေးဘူး။ တရုတ်ဘဏ်နဲ့ ချိတ်ဆက်ရမယ်တဲ့။ ချိတ်ဆက်ဖို့က တစ်လနီးပါးရှိနေပြီ အဆင်မပြေသေးဘူး။ ချိတ်ဆက်ရပြန်တော့လည်း အဆင်မပြေသေး။ ထပ်စောင့်ရပြန်တယ်၊ အဆင်ပြေတယ်ကို မရှိသေးတာ။ ပြောပြရင် အရှည်ကြီးပဲ၊ တရုတ်ဘက် ဝမ်တိန်က မြန်မာဘက် ကျင်ဆန်းကျော့ကို စဝင်လိုက်ထဲက အရင်လိုမဟုတ်တော့ဘဲ အလုံးစုံအခက်အခဲတွေ စဖြစ်တော့တာပါပဲ”ဟု ကုန်သည် ကိုတိုးနိုင်ကပြောကြားသည်။

မူဆယ် ၁၀၅ မိုင်တွင် ဂျူတီဆောင်ရန် လိုင်စင်ကို ဒေါ်လာပေးဆောင်မှုစနစ်မှ ယွမ်-ကျပ်ငွေ တိုက်ရိုက်ပေးချေမှု စနစ် ပြောင်းလဲစဉ်အတွင်း ယမန်နှစ် ဒီဇင်ဘာလမှစတင်၍ ယာယီပိတ်ထားခဲ့ရာမှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သော်လည်း ၁ လပိုင်းက သွင်းကုန်များလိုင်စင်လျှောက်ထားမှုအပိုင်း၌ မူဝါဒအပြောင်းအလဲများခြင်း၊ တရုတ်ဘဏ်နှင့်တရုတ်နိုင်ငံ အကောက်ခွန်ဌာနများ၏ စာရွက်စာတမ်းမိတ္တူများ ရရှိမှုခက်ခဲခြင်းတို့ကြောင့် သွင်းကုန်ပြုလုပ်သူများ ယနေ့ထက်တိုင် လိုင်စင်မရရှိဘဲ ကြန့်ကြာနေခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ၁ လ ပိုင်းထဲက အခုထိပါပဲ၊ လိုင်စင်က မနှစ် ၁၂ လပိုင်းကုန်ထဲက ပိတ်ထားတာ၊ ဂျူတီဆောင်ဖို့က မူဝါဒစနစ်တွေ လိုအပ်ချက်တွေရှိတာကြောင့် ကြန့်ကြာနေတာ။ ယခု ဒီနေ့လက်ရှိအခြေအနေက ရွှေလွယ်အင်ကွင်းမှာ သွင်းကုန်ကားတွေ စုပြုံနေတဲ့သဘောလို မဟုတ်ပေမယ့် တချို့ ဂိုဒေါင်ချကျတယ်၊ တချို့ကျပေးမထွက်တာ၊ တချို့ကျ သူတို့နည်းသူတို့ဟန်နဲ့ သွားကြတယ်။ မူဆယ် နမ့်ခမ်းကုန်သည်ကြီးများ အသင်းကလည်း အခက်အခဲအမှန်တောင် မတင်ပြရဲကြပါဘူး။ ကုန်ပစ္စည်း ကြန့်ကြာနေမှတော့ စဉ်းစားကြည့်ပါ ဆုံးရှုံးတယ်လို့ ပြောလို့ရတယ်လေ”ဟု မူဆယ် ၁၀၅ မိုင်မှ ကုန်သည်လုပ်ငန်း ရှင်များက ပြောကြားသည်။

တရုတ်ဘက်နှင့် မြန်မာဘက်တို့တွင် ယခင်က Boder Trade မှ Normal Trade ပုံစံကူးပြောင်းမှုပုံစံသို့ တဖြည်းဖြည်း ရွေ့လျားနေကြောင်း၊ ထိုသို့ အရွေ့တစ်ခုတွင် လိုင်စင်လျှောက်ထားမှုနှင့် ဂျူတီဆောင်မူဝါဒများ ပြောင်းလဲလာခြင်းတို့ကြောင့် သွင်းကုန်ထုတ်ကုန်လိုင်စင် လျှောက်ထားမှုအပိုင်းနှင့် ဂျူတီဆောင်ရမှုအပိုင်းတို့တွင် အခက်အခဲများဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းသိရသည်။ ကျင်ဆန်းကျော့ ရွှေလွယ်အင် ကားချိန်းကွင်းနှင့် အခြားကားထားကွင်းတို့၌ သွင်းကုန်ကားများစွာရှိနေပြီး တရုတ်နိုင်ငံမှ ဝင်လာသည့် ကုန်ပစ္စည်းများကို ဂျူတီဆောင်ရမည်ဆိုလျှင် တရုတ်နိုင်ငံမှ အထွက်နုတ် (ယာဉ်ပေါ်ပါပစ္စည်း)၊ မန်နီဘက်(တရုတ်အကောက်ခွန်ဌာန၏ စစ်ဆေးပြီးကြောင်းစာ) တို့ပါလာရမည်ဖြစ်ကာ ကုန်ပစ္စည်းတန်ဖိုးကို မည်သည့်ဘဏ် ကနေ လွှဲထားကြောင်း၊ တရားဝင်ဘဏ်လွှဲပြရပြီး မြန်မာပြည် အစိုးရဘဏ်ထုတ်စာရင်းဖြင့် တရုတ်ဘက်က ဘဏ်သို့ တရားဝင် သွားရမှာဖြစ်ကြောင်းသိရသည်။

“တရုတ်သွင်းကုန် လိုင်စင်လျှောက်ထားမှုကို မျက်ဝါးထင်ထင် ပြောရရင် လိပ်ကို ပက်လက်လန်ထားသလိုပေါ့၊ ဒီကြားထဲ ဈေးကပါ ထပ်ဖိတော့ လက်ကောခြေထောက်ကော မလှုပ်နိုင်တော့ဘူး။ ယွမ်ကျပ်စနစ် အပြောင်းအလဲ၊ နိုင်ငံတော်ရဲ့ဝန်ကြီးဌာန မူဝါဒအပြောင်းအလဲတွေမှာ လုပ်ရကိုင်ရတော်တော်ခက်တယ်။ ဘဏ်ငွေလွှဲပြီးကြောင်း စာကိုတော့ ညှိနှိုင်းဖြေလျှော့ပေးရင်တော့ ကောင်းမယ်။ ဒါဆို ကျင်ဆန်းကျော့မှာပိတ်မိနေတဲ့ သွင်းကုန်ကားတွေတော့ အထိုက်အလျောက် အဆင်ပြေသွားမယ်လို့ ယူဆ ပါတယ်”ဟု မူ ဆယ်မြို့က ကုန်သည်တစ်ဦးကဆိုသည်။ “မြန်မာဘက်ကတောင်းတဲ့ အထွက်နုတ် (ယာဉ်ပေါ်ပါပစ္စည်း)၊ မန်နီဘက် (တရုတ် အကောက်ခွန်ဌာန၏ စစ်ဆေးပြီးကြောင်းစာ) တို့ကို တရုတ်ဘက်က အပြည့်အစုံမပေးနိုင်ဘူး။ သူတို့ အနေနဲ့က ယာဉ်ပေါ်မှာပါတဲ့ ကုန်ပစ္စည်းအများဆုံးဟာပဲပေးနိုင်တာ။ နောက် အင်္ဂလိပ်လိုဘာသာပြန်ပြီးလည်း သူတို့က မပေးနိုင်ဘူးလို့ပြောတာ၊ မြန်မာဘက်ကလည်း ဒါတွေပါမှဆိုတော့ လိုင်စင်လျှောက်ရမှု အပိုင်းမှာခက်ခဲလာတယ်။ ရှန်တိန် စနစ်ကြောင့် အဝင်အထွက် ကြန့်ကြာတဲ့အပိုင်းမှာ ကုန်စည်ဝင်ထွက်မှုက ကြန့်ကြာတော့ မြန်မာဘက်ကပေးထားတဲ့ တစ်လ

ဆိုတာက အလုပ်မဖြစ်ဘူး။ ကုန်ကားက ဒီနေ့ ဟိုဘက်ဒီဘက် လိုင်စင်လျှောက် ဂျူတီဆောင်ပြီး ချက်ချင်းသွားလို့ရတာ မဟုတ်ဘူး၊ ကိုဗစ်ရောဂါအကြောင်းပြု ရှန်တိန်စနစ် ပိုးမွှားကင်းစင်ရေးစနစ် ဒါတွေကို လုပ်ရစောင့်ရတော့ ကုန်ကားက ချက်ချင်း ထွက်မရဘူး၊ ဒီအပေါ်မှာလည်း အခက်အခဲဖြစ်တယ်။ တချို့ကားတွေဆို တစ်လကျော် နှစ်လလောက်မှ ထွက်လာလို့ရတာ အဲ့မှာ ရက်ကြာတဲ့အခါ ဒီဘက်ကလည်း မူဝါဒအပြောင်းအလဲရှိနေတာ။ ဒီအပေါ်မှာ ကုန်စည်စီးဆင်းမှု တုံ့ဆိုင်းနေတဲ့သဘော၊ ဒီလို အခက်အခဲတွေဖြစ်လာရင် ကုန်သည်တွေက သူတို့ကိုက်အောင်လုပ်မှာ နောက်ဆုံးသက်ရောက်မှုက အခြေခံစားသုံးသူ ပြည်သူတွေဆီပဲ သက်ရောက်မှုခံစားရမှာ” ဟု ကုန်ဂိတ်ပိုင်ရှင် ကိုနိုင်ကဆိုသည်။

မြန်မာ-တရုတ်နယ်စပ် မူဆယ် ဝမ်တိန် ကျင်ဆန်းကျော့ဂိတ်မှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဆန်အပါအဝင် ဆန်ကွဲ၊ ငရုတ်သီးစိမ်း၊ အအေးခန်းစနစ်ဖြင့် သယ်ဆောင်ရသည့် ကုန်စည်၊ ရေထွက်ကုန်စည်၊ နေ့စဉ်သုံးကုန်ပစ္စည်းနဲ့ စားသုံးကုန် စသည့် ခုနစ်မျိုးကို မတ် ၁၅ ရက်ကစတင်ပြီး တရုတ်က တင်သွင်းမှု ယာယီကန့်သတ်ထားခြင်းနှင့် မြန်မာနိုင်ငံအပိုင်း၌လည်း ပို့ကုန်လိုင်စင် လျှောက်ထားမှု မူဝါဒ အပြောင်းအလဲအနည်းငယ်ရှိခြင်းတို့ကြောင့်လည်း နိုင်ငံခြားပို့ကုန်ကုန်သည်များ၌လည်း အလုံးစုံအခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

“နိုင်ငံခြားပို့ကုန်အပိုင်းမှာတော့ ပိုက်ဘောမိနေတဲ့ အနေအထားလိုဖြစ်နေတာ၊ ယခုမူဝါဒစနစ်မှာ ဆန်တို့ လယ်ယာ ထွက်ကုန်တော်တော်များများက အခုအမြတ်မရှိဘူး၊ စရိတ်စကများတယ်၊ လက်ကျန်ဟာတွေ မပို့ရတော့ဘူးဆိုတော့ အောက်က တက်လာဖို့ကခက်သွားပြီ။ အေးခဲအသားတို့ရေထွက်ပစ္စည်းတို့က တရုတ်ကပိတ်ထားတာကြာပြီ၊ ဒီထဲမှာ ကြီးကြီးမားမား ရိုက်ခက်သွားတာက ဆန်၊ ဆန်ကွဲ၊ ငရုတ်သီးတို့ကတော့ ရိုက်ခက်မှုဒဏ်ကိုခံရတာ။ ကျန်တဲ့ဟာတွေက သွားမှမသွားတာ။ ငရုတ်သီးကလည်း ရက်ကြာရင်မကိုက်တော့ဘူး ။ ဒီရှန်တိန်စနစ်ဆို သူတို့အတွက်လည်းမကိုက်တော့ မသွားနိုင်တော့ဘူး၊ နှစ်နိုင်ငံဘက်က Documents အပြည့်အစုံတောင်းတော့ နှစ်ဖက်လုံးကမပြည့်စုံဘူးဖြစ်နေတယ်၊ ဒီမှာက Boder Trade သာပြောတာ Normal Trade ပုံစံသွားတော့ နည်းနည်းတော့ အခက်အခဲဖြစ်တာပေါ့။ တရုတ်ဘက်ကလည်း စမ်းတဝါးဝါး၊ ကိုယ့်ဘက်ကလည်း စမ်းတဝါးဝါးဆိုတော့ ဒီအပေါ်မှာ လုပ်ရကိုင်ရတာအဆင်မပြေဘူး၊ ဘာကြောင့်လဲဆိုတော့ ကုန်ကား တစ်စီးမှာ ကုန်မျိုးစုံပါလာနိုင်တယ်၊ ဂိတ်ကတင်ပေးလိုက်တာက ကုန်သည်တစ်ဦးထဲရဲ့ဟာတွေမဟုတ်ဘူး၊ သုံးလေးဦးစာ ပေါင်းတင်ပေးလိုက်တာ။ Normal Trade မှာက ကုန်သည်တစ်ဦးရဲ့ ကုန်စည်တစ်မျိုးချင်းဟာဆိုတော့ လိုင်စင်လျှောက်ထားမှု အပိုင်း ဂျူတီဆောင်ရမှုအပိုင်းတွေမှာ အခက်အခဲမဖြစ်ပေမယ့် တစ်နိုင်တစ်ပိုင်ကုန်သည်တွေအတွက်တော့ အခက်အခဲဖြစ်တာ ပေါ့” ဟု ကုန်သည်လုပ်ငန်းရှင် ကိုသန်းကပြောကြားသည်။

ယခုပြောင်းလဲလိုက်သော မူဝါဒနှင့်ယွမ်ကျပ်ငွေ ဘဏ်ချင်းတိုက်ရိုက်ပေးခြေမှုအပိုင်းတွင် လုပ်ငန်းရှင်များ ငွေထုတ်ယူရန် အခက်အခဲ များစွာရှိကြောင်းသိရသည်။ “တရုတ်က ယွမ်နဲ့ပေးချေတယ်၊ အစိုးရဘဏ်က သတ်မှတ်ထားတဲ့ဟာနဲ့ လွှဲပေးရတယ်။ဘဏ်က အပြင်ပေါက်ဈေးထက်အနည်းငယ်လျော့တဲ့ သတ်မှတ်ဈေးနဲ့ထုတ်ပေးတယ်၊ ထုတ်ပေးတယ်ဆိုတာက ငွေသားထုတ်ပေးတာမဟုတ်ဘူး ဘဏ်စာအုပ်ထဲရိုက်ပေးလိုက်တာ။ ကုမ္ပဏီအကောင့်ထဲက Personal အကောင့်ကို ပြောင်းပေး လိုက်တယ်၊ Personal အကောင့်ဆို ထုတ်ရတာ တစ်ပတ်မှာ ငါးသိန်း ၁၀သိန်းလောက်ပဲ ထုတ်လို့ရတော့တာ။ အဲ့အပေါ်မှာလည်း ရိုက်ခက်မှုကရှိတယ်၊အဓိကကတော့ ဒီငွေတွေအားလုံး တစ်ချိန်ထဲမှာ ပြန်ထုတ်လို့မရရင် အရောင်းအဝယ်မှ လုပ်လို့မရတော့ဘူး၊ ဘဏ်မှာ ငွေအိပ်သွားရင် အရောင်းအဝယ်အပိုင်းမှာ အခက်အခဲအကြီးမားဆုံးပဲ၊ ဒီအပေါ်မှာ နိုင်ငံခြားတင်ပို့သူတွေဟာ စဉ်းစား ချင့်ချိန်နေကြတာလည်းပါတယ်” ဟု ကုန်သည်လုပ်ငန်းရှင် ကိုသန်းကပြောကြားသည်။

ယခုလို မူဝါဒအပြောင်းအလဲများအပေါ် ဝန်ကြီးဌာနဆိုင်ရာ ချိတ်ဆက်လုပ်ဆောင်မှု အားကောင်းစေရန် တာဝန်ရှိသူများက အပြန်ပြန်အလှန်လှန် ပြန်လည်ဆန်းစစ်ရန်လိုအပ်နေပြီး ယခုကဲ့သို့ နယ်စပ်ကုန်သွယ်ရေး အခက်အခဲများဖြစ်ပေါ်နေပါက တရုတ် မြန်မာနယ်စပ်ကုန်သွယ်မှုအပိုင်း၌ ဆက်လက်တုံ့ဆိုင်းသွားမည်ကို ကုန်သည်လုပ်ငန်းရှင်များက စိုးရိမ်နေကြကြောင်း မူဆယ် နမ့်ခမ်း ကုန်သည်အများစုက ပြောကြားသည်။

https://news-eleven.com/article/228037

## မကွေးတိုင်းဒေသကြီးတွင် စလင်းချောင်းရေကြီးမှုကြောင့် ချောင်းရိုးအနိမ့်ပိုင်းတစ်လျှောက်ရှိ ကြက်သွန်စိုက်ခင်းများ ပျက်စီး



https://greenwaymyanmar.com/posts/Onion

ပြီးခဲ့တဲ့ရက်တွေအတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေဖြစ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ရှိ စလင်းချောင်းအတွင်း ရေကြီးရေလျှံမှုတွေကြောင့် ချောင်းရိုးအနိမ့်ပိုင်းတစ်လျှောက်ရှိ ကြက်သွန်စိုက်ခင်းများ ပျက်စီးခဲ့တယ်လို့သိရပါတယ်။

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျွန်းရင်းအုပ်စုထဲက စလင်းချောင်းအနိမ့်ပိုင်းမြေ တွေမှာ စိုက်ထားတဲ့ ကြက်သွန်စိုက်ခင်းပျက်စီးမှုတင် ဧက ၂၀၀ ခန့်ရှိတယ်လို့ ဒေသခံ တစ်ဦးထံကသိရပါတယ်။ “ဒီချောင်းစမ်းခင်းမှာစိုက်တဲ့ ကြက်သွန်တွေအားလုံး၊ မျိုးထုတ်တဲ့ မျိုးနှံအားလုံးဟာ တစ်ပင်တစ်လုံးမှရရှိခြင်း မရှိတော့ပါဘူးခင်ဗျာ။ ဒီစလင်းချောင်းရိုးတစ်လျှောက်က ချောင်းရေကြီး မှုကြောင့် ခု ၂၀၂၂ ကြက်သွန်ရာသီမှာ တောင်သူများဆုံးရှုံးနစ်နာမှုကတော့ တစ်ပြားတစ်ချပ်မှကို ရရှိမယ့်အနေအထား မရှိတော့ပါဘူးခင်ဗျာ” လို့ ကျွန်းရင်းရွာက ဒေသခံတစ်ဦးဖြစ်သူ ကိုအောင်လွင်ဦးက သူ့ရဲ့ဖေ့စ်ဘုတ်အကောင့်မှာ ရေကြီးနေတဲ့ ဗီဒီယိုဖိုင်နဲ့တကွ ပြောပြထားပါတယ်။

အခုလို ဆောင်းကြက်သွန်စိုက်ပျိုးသူတွေအနေနဲ့ မြေဆီဖိုး၊ စက်ဆွဲခ၊ စိုက်ခ၊ ပျိုးခ၊ ရင်းနှီးခတွေတွက်ကြည့်ပါက ဝါးကွက်တစ်ရာ(ဝါးကွက်တစ်ကွက် ၁၀ တောင်ပတ်လည်ခန့်) ကို အနည်းဆုံးအရင်းအနှီး ငါးသိန်းအထက်ရှိပြီး ဧကနဲ့တွက်ရင်တော့ တစ်ဧကအရင်းအနှီး အနည်းဆုံး ၇ သိန်းခွဲကျော် ဆုံးရှုံးကြတာဖြစ်တယ်လို့ ကိုအောင်လွင်ဦးကဆိုပါတယ်။

စလင်းချောင်းအတွင်း ဆောင်းကြက်သွန်စိုက်ခင်းတွေကို ဇန်နဝါရီ၊ ဖေဖော်ဝါရီ လောက်မှာ စတင်စိုက်ပျိုးကြတာဖြစ်ပြီး ပုံမှန်အားဖြင့်တော့ ချောင်းရိုးအတွင်း ရေရှိလေ့မရှိဘဲ အခုကတော့ အချိန် အခါမဟုတ်မိုးတွေကြောင့် တောင်ကျရေတွေကတဆင့် ချောင်းအတွင်းရေကြီးရေဖုံးလွှမ်းမှုရှိသွားတာဖြစ်တယ်လို့ သိရပါတယ်။

အခုပျက်စီးတဲ့စိုက်ခင်းတွေဟာ ချောင်းရိုးအတွင်း အနိမ့်ပိုင်းမှာစိုက်ထားတဲ့အခင်းတွေဖြစ်ပြီး ကုန်းပိုင်းတွေမှာ စိုက်ထားတဲ့ စိုက်ခင်းတွေကတော့ ပျက်စီးမှုမရှိဘူးလို့ သိရပါတယ်။ “စလင်းချောင်းက ရေစီးသန်တယ်ဗျ။ ဒါပေမဲ့ နွေဘက်ဆိုရင်တော့ ရေလာရိုးမရှိဘူး။ ခုဟာက မမျှော်လင့်တဲ့ ပြဿနာပေါ့” လို့ စလင်းမြို့နယ်ဘက်မှာ အလုပ်လုပ်ကိုင်ခဲ့ဖူးသူ စိုက်ပျိုးရေးပညာရှင် ဦးသာပိုကပြောပါတယ်။ ချောင်းရေကြီးတာက အရှိန်နဲ့တိုက်စားသွားတာဖြစ်လို့ ပြန်လည်ကုစားဖို့ခက်ပြီး မြစ်ရေဖုံးတာမျိုး ဆိုရင်တော့ ဆိုးဆိုးရွားရွားမျိုးမဟုတ်ရင် ပြန်လည်ကုစားနိုင်တယ်လို့ ဦးသာပိုကရှင်းပြပါတယ်။ “မြစ်ရေလိုမျိုးဆိုရင်တော့ တဖြည်းဖြည်းတိုးတာမျိုးဆိုတော့ ရေပြန်ကျသွားလို့ အခြေအနေမဆိုးသေးရင် ပြန်ကုစားလို့ရနိုင်သေးတယ်။ နုန်းတွေကို လူအားနဲ့ဖယ်ပစ်တာမျိုး။ ထွန်ခြစ်နဲ့ဆွဲပစ်တာမျိုးပေါ့။ ပြီးရင် အပင်တွေပေါ် နုန်းတွေရှိနေရင် ဆေးဖျန်းပုံးနဲ့ရေဆေးချ။ နုန်းစင်သွားရင် မန်ကိုဇက်လို မှိုသတ်ဆေးတစ်မျိုးမျိုးဖျန်း၊ ငါးရက်လောက်နေရင် အားဆေးတစ်မျိုးမျိုးလိုက်။ ဒါဆိုရင်တော့ ပြန်ထောင်နိုင်တယ်။ ချောင်းရေကတော့ အပင်တွေကို တိုက်စားပစ်တာမျိုးဆိုတော့ ပြန်ကုစားလို့မရဘူး” လို့ ဦးသာပိုကဆိုပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ ဆင်တဲဝချောင်းဘက်မှာလည်း ရေကြီးမှုကြောင့် ချောင်းရိုးတစ်လျှောက်ရှိ ကြက်သွန်စိုက်ခင်းအချို့ ရေနစ်မြုပ်မှုတွေရှိခဲ့တယ်လို့သိရပါတယ်။ မေ ၂၀ ရက်ကစလို့ မြန်မာနိုင်ငံကို ဖြတ်သန်းခဲ့တဲ့ မုန်တိုင်းငယ်အရှိန်ကြောင့် တိုင်းနဲ့ပြည်နယ်အားလုံးရှိ ဒေသအများစုမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရန်ကုန်ဈေးကွက်မှာ လက်ကားဈေးအနေနဲ့ ကြက်သွန်တစ်ပိဿာကို ကျပ် ၈၅၀ ဝန်းကျင်မှာရှိနေတယ်လို့သိရ ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Onion_Farms_destroyed_by_Flooding

**စီးပွားရေးသံမှူးသတင်းများ**

## အမေရိကန်နိုင်ငံတွင် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်မားသည့်အတွက် ခက်ခဲသောမိသားစုများသည် အစားအစာဝေငှသည့်စင်တာများကို ပိုမိုမှီခိုလာ

အမေရိကန်နိုင်ငံတစ်ဝန်း လိုအပ်သူများအား အစားအစာဝေငှဖြန့်ဖြူးသည့် စင်တာများတွင် လာရောက်ယူဆောင်သူများ ပိုမိုများပြားလာကြောင်း အစားအစာဘဏ်မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း၊ Census Household Pulse Survey data အရ အစားအစာဝေငှသည့်စင်တာများတွင် လာရောက်ယူဆောင်ကြသူများသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လကတည်းက များပြားလာခြင်းဖြစ်ပြီး လာရောက်ယူဆောင်ကြသူများအနက် ၇.၈ ရာခိုင်နှုန်းခန့်က တစ်ခါတစ်ရံ အစားအစာလုံလုံ လောက်လောက် မရရှိကြဟု စစ်တမ်းကောက်ယူရာတွင်ဖြေကြားခဲ့ကြောင်း ၂၁-၃-၂၀၂၂ ရက်နေ့ထုတ် The Washington Post တွင် ဖော်ပြထားပါသည်။

ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းက ကောက်ယူခဲ့သည့်စစ်တမ်းတွင် ၁၀.၂ ရာခိုင်နှုန်းသော လိုအပ်သူများက တစ်ခါတစ်ရံတွင် အစားအစာ လုံလုံလောက်လောက် မရရှိကြကြောင်း ဖြေကြားခဲ့ကြကြောင်း၊ အမေရိကန်အစိုးရက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းနှင့် ဖေဖော်ဝါရီလ အစောပိုင်းတွင် ကလေးအတွက် အခွန်သက်သာခွင့်ရပ်ဆိုင်းပြီးနောက် ကလေးရှိသည့် မိသားစုများတွင် နေထိုင်ကြသည့် အရွယ်ရောက်သူများ၏ ၃၅ ရာခိုင်နှုန်းသည် ကုန်ကျစရိတ်များကာမိစေရန် ရုန်းကန်နေကြရသည်ဟု သန်းခေါင်စာရင်းဗျူရိုမှ ထုတ်ပြန်သည့်စာရင်းများအရသိရကြောင်း ဖော်ပြထားပါသည်။

ငွေကြေးဖောင်းပွမှုသည် စိန်ခေါ်မှုအသစ်ဖြစ်သည်ဟု အစားအစာဘဏ်တစ်ခုဖြစ်သည့် Feeding Tampa Bay ၏ အမှုဆောင်ချုပ် ဖြစ်သူ Mr. Thomaz Mantz ကပြောကြားခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသား ၃၀ – ၄၀ ရာခိုင်နှုန်းသည် အိမ်ငှားခ၊ အစားအစာနှင့် ဓာတ်ဆီဖိုးများဖြင့် ၎င်းတို့ဝင်ငွေ ကုန်ဆုံးကြကြောင်း၊ ယမန်နှစ်က ဖယ်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ အထောက်အပံ့များ၊ ကလေးများအတွက် အခွန်သက်သာခွင့်များက မိသားစုများ၏ အခက်အခဲကိုအထောက်အကူဖြစ်ခဲ့သော်လည်း ဝင်ငွေ နည်းပါးလာသည့်အတွက် ငွေကြေးခက်ခဲသည့် မိသားစုများစွာရှိနေသေးသည်ဟု Atlanta Community Food Bank ဥက္ကဋ္ဌ ဖြစ်သူ Mr. Kyle Waide ကပြောကြားခဲ့ကြောင်း၊ မတ်လတွင်ထုတ်ပြန်ခဲ့သည့် ငွေကြေးဖောင်းပွမှု အချက်အလက်များက ဓာတ်ဆီ၊ အိမ်ငှားခနှင့်အစားအစာဈေးနှုန်းများ မြင့်တက်လာသည်ကိုဖော်ပြကြောင်း၊ ဓာတ်ဆီအညွှန်းကိန်းသည် ဖေဖော်ဝါရီ လတွင် ၆.၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

ပြည်နယ်အေဂျင်စီများ၏ အရေးပေါ်အစားအစာထောက်ပံ့ကူညီရေး အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ သုံးစွဲမည့် အထောက်အပံ့ အစီအစဉ်သစ်များပေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်၊ စိုက်ပျိုးရေးဝန်ကြီးဌာနအနေနှင့် အစားအစာဘဏ်များလိုအပ်သည့်ကုန်စည်များ ဖြည့်ဆည်းထောက်ပံ့ပေးသည့် သီးခြားအစီအစဉ်တစ်ခုလည်းရှိကြောင်း၊ အစားအစာဘဏ်များအနေနှင့် ခက်ခဲသည့်အခြေအနေကို ရင်ဆိုင်နေကြရသည်ကို နားလည်ပါကြောင်း စိုက်ပျိုးရေးဝန်ကြီး Mr. Tom Vilsack ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.washingtonpost.com/business/2022/03/21/food-bank-need-surges-with-inflation/

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် သယ်ယူပို့ဆောင်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးအရေအတွက် တစ်ဘီလျံသို့ ရောက်ရှိခဲ့ခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သယ်ယူပို့ဆောင်မှုသည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် စတင်ခဲ့ရာ ယခုအချိန်တွင် ပို့ဆောင်ပေးခဲ့သည့် ကာကွယ်ဆေးအရေအတွက် (၁) ဘီလျံသို့ ရောက်ရှိခဲ့ပြီး၊ မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ ကြောင်း ဘရပ်ဆဲလ်လေဆိပ်က သတင်းထုတ်ပြန်ထားကြောင်း သိရပါသည်။

ဘရပ်ဆဲလ်လေဆိပ်မှ ကာကွယ်ဆေးအလုံးရေ (၇၅၀) သန်းကို ပြည်ပနိုင်ငံများသို့တင်ပို့ခဲ့ပြီး၊ ကာကွယ်ဆေးတင်သွင်းမှု

အလုံးရေ (၂၅၀) သန်းရှိခဲ့သဖြင့် ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ကာကွယ်ဆေးသယ်ယူပို့ဆောင်မှု အရေအတွက် (၁) ဘီလျံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဘရပ်ဆဲလ်လေဆိပ်မှ ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ဆောင်သည့် လေယာဉ်များသည် ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ တို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၆၀) ကျော်သို့ နေ့စဉ်ထွက်ခွာပို့ဆောင်လျက်ရှိကြောင်း သိရပါသည်။

ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများပို့ဆောင်ပေးမှု အရေအတွက်သည် (၁) ဘီလျံသို့ ရောက်ရှိခဲ့ခြင်းအတွက် များစွာဂုဏ်ယူကြောင်း၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကာကွယ်ဆေးပို့ဆောင်ပေးခဲ့သည့် ပထမဆုံး လေယာဉ်မှစတင်၍ လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များအတွက် ပံ့ပိုးကူညီပေးနေခြင်းဖြင့် ကိုဗစ် တိုက်ဖျက်ရေးလုပ်ငန်းတွင် ထည့်ဝင်အကျိုးပြုခြင်းပင်ဖြစ်ကြောင်း ဘရပ်ဆဲလ်လေဆိပ်၏ စီအီးအိုဖြစ်သူ Arnaud Feist က ပြောကြားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုသာမက ကိုဗစ်-၁၉ ရောဂါအတွက် သောက်ဆေး (Covid pills) များကိုလည်း သယ်ယူပို့ဆောင်ပေးကြောင်း၊ အဆိုပါဆေးများကိုသယ်ယူပို့ဆောင်ရာတွင် ကာကွယ်ဆေးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းစဉ်နှင့် များစွာတူညီသော်လည်း အပူချိန်အပြောင်းအလဲနှင့်ပတ်သက်၍ Covid pills များ သယ်ယူပို့ဆောင်ရခြင်းက ပို၍အကဲဆတ်သည့်အခြေအနေဖြစ်ကြောင်း သိရပါသည်။ ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် ဆေးဝါး များသယ်ယူပို့ဆောင်ခြင်းဆိုင်ရာ အခြေခံအဆောက်အအုံကောင်းများကို ပိုင်ဆိုင်ထားခြင်းကြောင့် အပူချိန်ထိန်းချုပ်၍ သယ်ယူ ပို့ဆောင်ရန်လိုအပ်သည့် ဆေးဝါးများတင်ပို့/တင်သွင်းခြင်းအတွက် အလုံးစုံဘေးကင်းမှုကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ လက်ရှိ အချိန်တွင် ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် သယ်ယူပို့ဆောင်ပေးနေသည့် ကုန်စည်အရေအတွက် စုစုပေါင်း၏ (၁၀) ရာခိုင်နှုန်း နီးပါးသည် ဆေးဝါးထုတ်ကုန်ပစ္စည်းများဖြစ်ကြောင်း သိရပါသည်။

Source:https://www.brusselstimes.com/business/210182/one-billion-coronavirus-vaccines-transported-via-brussels-airport

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုများ သိသိသာသာ မြင့်တက်လျက်ရှိ



Photo: Ivan Bueno/APPA

၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် ပထမ (၂)လတာကာလ အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တင်သွင်းမှုများ ကျဆင်းခဲ့ သော်လည်း ဘရာဇီးလ်နိုင်ငံမှပဲပုတ်စေ့ ဝယ်ယူတင်သွင်းမှုများမှာ သိသိသာသာ တိုးတက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်ပထမ ၂ လတာကာလအတွင်း တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၃.၅၁ သန်းဝယ်ယူတင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူတွင် တန်ချိန် ၁.၀၃ သန်း ဝယ်ယူတင်သွင်းခဲ့သဖြင့် နှိုင်းယှဉ် ပါက ၂၄၁ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း တရုတ်အကောက်အခွန်ဌာနမှ စာရင်းများကိုကိုးကား၍ သတင်းတွင်ဖော်ပြထားသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံသည်အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၀.၀၄ သန်းအားဝယ်ယူတင်သွင်းခဲ့ပြီး ယခင်နှစ်ကတန်ချိန် ၁၁.၉ သန်းအားဝယ်ယူတင်သွင်းခဲ့သဖြင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင် နှုန်းလျော့နည်းခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Mar. 2022


### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 375 | 2,974,000 | 33,109,694 | 261,567 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,750 | 1,116 | 3,078,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 1,608 | 29,748,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 38 | 100,700 | 19,977,223 | 52,940 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.03 | -1.90 | -0.51% | 369.93 | 369.93 | 365.79 | 3,137 | 35,901,400 | 7 | 640,234 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 25th Mar. 2022

| MYANPIX | 368.03 ▼ 1.90 |
|---|---|
| Total Volume (shares) | 3,137 |
| Total Value (MMK) | 36 mil |
| Listed Company | 7 |
| Market Cap. (MMK) | 640,234 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |